သာစည်မြို့နယ်

သပြေဝကျေးရွာအုပ်စု၊သပြေဝကျေးရွာ

t t t

သပြေဝကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သပြေဝကျေးရွာ၊သာစည်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ဩဂုတ်လ

မာတိကာ

မာတိကာ		၂
စကားချီး		၃
သာစည်မြို့နယ်၊ သပြေဝကျေးရွာအုပ်စု၊သပြေဝကျေးရွာ၏**သယံဇာတပြမြေပုံ**		၄
သာစည်မြို့နယ်၊ သပြေဝကျေးရွာအုပ်စု၊သပြေဝကျေးရွာ၏ **ရာသီခွင်ပြပြကွဒိန်**		၅
သာစည်မြို့နယ်၊ သပြေဝကျေးရွာအုပ်စု၊သပြေဝကျေးရွာ၏ **ရွာတွင်း/ပြင်**		၆
ချိတ်ဆက်မှုပြပုံ		
၁။	ကျေးရွာ၏တည်နေရာ၊ပထဝီဝင်အနေအထား	၇
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၇
၃။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၇
၄။	စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ	၈
	(က) သီးနှံစိုက်ပျိုးရေး	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၀
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ	၁၀
၅။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၁
	(ခ) ကျေးရွာမီးလင်းရေး	၁၁
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၁
၆။	ပညာရေး	၁၂
၇။	ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၂
၈။	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၃
၉။	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၃
၁၀။	ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ	၁၄
စီမံချက်ဆိုင်ရာအချက်အလက်များ		၁၅
• နောက်ဆက်တွဲ ၁	ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း	၁၆
• နောက်ဆက်တွဲ ၂	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ(၄၈) ဇယား	၁၇-၆၀
• နောက်ဆက်တွဲ ၃	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား	၆၁-၆၃
• နောက်ဆက်တွဲ ၄	ဦးစားပေးစီမံချက်အဆိုပြုလွှာ	၆၄-၆၆

• စကားချီး

သပြေဝကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် (၂၀၂၀-၂၀၂၄) (၅)နှစ်တာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (AVIP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာသောက်သုံးရေ ရရှိရေး လုပ်ငန်းအား ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာနှင့် လုပ်ငန်းစဉ်များစသည်တို့အား အဖက်ဖက်မှ ကူညီပံ့ပိုးပေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုလည်းကောင်း၊ လိုအပ်သောအကူအညီများ၊ အကြံဉာဏ်များကို ပါဝင်ပံ့ပိုးပေးပါသော ကျေးရွာအုပ်ချုပ်ရေးမှူးအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်တော်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်းရေးဆွဲရေး အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံကိန်းကိုထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်မံဖြည့်စေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်တော်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သပြေဝ ကျေးရွာ၊ သာစည်မြို့နယ်

ಕ್ರ.ಸಂ.	ಹೆಸರು	ಹಾಜರಾತಿ	ಸೋಮವಾರ	ಮಂಗಳವಾರ	ಬುಧವಾರ	ಗುರುವಾರ	ಶುಕ್ರವಾರ	ಶನಿವಾರ
1	ಅಮೃತಾ ಎಸ್. ಪಾಟೀಲ	✓	✓	✓	✓	✓	✓	✓
2	ಅಶ್ವಿನಿ ಆರ್. ಕುಲಕರ್ಣಿ	✓	✓	✓	✓	✓	✓	✓
3	ಭಾರತಿ ಎಂ. ಹಿರೇಮಠ	✓	✓	✓	✓	✓	✓	✓
4	ಚೈತ್ರಾ ಕೆ. ಶೆಟ್ಟಿ	✓	✓	✓	✓	✓	✓	✓
5	ದೀಪಾ ಎಸ್. ಗೌಡರ	✓	✓	✓	✓	✓	✓	✓
6	ಗೀತಾ ಬಿ. ಮಲ್ಲಾಪುರ	✓	✓	✓	✓	✓	✓	✓
7	ಹರ್ಷಿತಾ ಜೆ. ರಾವ್	✓	✓	✓	✓	✓	✓	✓
8	ಇಂದಿರಾ ಎಸ್. ಕಾಮತ್	✓	✓	✓	✓	✓	✓	✓
9	ಜಯಶ್ರೀ ಎಂ. ಬಿರಾದಾರ	✓	✓	✓	✓	✓	✓	✓
10	ಕವಿತಾ ಆರ್. ಪಾಟೀಲ	✓	✓	✓	✓	✓	✓	✓
11	ಲಕ್ಷ್ಮಿ ಎಸ್. ಅಯ್ಯರ್	✓	✓	✓	✓	✓	✓	✓
12	ಮಾಲತಿ ಎಚ್. ನಾಯಕ	✓	✓	✓	✓	✓	✓	✓
13	ನಂದಿನಿ ಕೆ. ಶೆಣೈ	✓	✓	✓	✓	✓	✓	✓
14	ಒಲಿವಿಯಾ ಡಿ'ಸೋಜಾ	✓	✓	✓	✓	✓	✓	✓
15	ಪದ್ಮಾವತಿ ಜಿ. ಹೆಗಡೆ	✓	✓	✓	✓	✓	✓	✓
16	ಕಮಲಾ ಎಸ್. ಮೂರ್ತಿ	✓	✓	✓	✓	✓	✓	✓
17	ಸುಮಿತ್ರಾ ಎಂ. ಕುಲಕರ್ಣಿ	✓	✓	✓	✓	✓	✓	✓
18	ಉಷಾ ಆರ್. ಪಾಟೀಲ	✓	✓	✓	✓	✓	✓	✓
19	ವಿಜಯಲಕ್ಷ್ಮಿ ಎಸ್. ಹಿರೇಮಠ	✓	✓	✓	✓	✓	✓	✓
20	ಶಾಂತಾ ಬಿ. ಕೋಟೆ	✓	✓	✓	✓	✓	✓	✓
21	ಸರೋಜಾ ಎಂ. ಬಿರಾದಾರ	✓	✓	✓	✓	✓	✓	✓
22	ಗೌರಿ ಎಸ್. ಕಾಮತ್	✓	✓	✓	✓	✓	✓	✓
23	ಮೀನಾಕ್ಷಿ ಎಚ್. ನಾಯಕ	✓	✓	✓	✓	✓	✓	✓
24	ಸುಧಾ ಆರ್. ಪಾಟೀಲ	✓	✓	✓	✓	✓	✓	✓
25	ಜಯಂತಿ ಎಸ್. ಮೂರ್ತಿ	✓	✓	✓	✓	✓	✓	✓
26	ಲತಾ ಎಂ. ಕುಲಕರ್ಣಿ	✓	✓	✓	✓	✓	✓	✓
27	ಶೋಭಾ ಎಸ್. ಹಿರೇಮಠ	✓	✓	✓	✓	✓	✓	✓
28	ಪಾರ್ವತಿ ಬಿ. ಕೋಟೆ	✓	✓	✓	✓	✓	✓	✓
29	ಸುನಂದಾ ಎಂ. ಬಿರಾದಾರ	✓	✓	✓	✓	✓	✓	✓
30	ಗಿರಿಜಾ ಎಸ್. ಕಾಮತ್	✓	✓	✓	✓	✓	✓	✓

ಒಟ್ಟು ಹಾಜರಿ: ೨೯ / ೩೦

ಗೈರುಹಾಜರಿ: ೧ (ಚೈತ್ರಾ ಕೆ. ಶೆಟ್ಟಿ – ಅನಾರೋಗ್ಯ)

ಸಹಿ: ಎಸ್. ಆರ್. ಕುಲಕರ್ಣಿ

ಪುಟ ೧



၁။ ကျေးရွာ၏တည်နေရာ၊ပထဝီအနေအထား

သပြေဝကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် သပြေဝကျေးရွာအုပ်စုတွင် ပါဝင်သည့် သာစည်မြို့၏ မြောက်ဘက်တွင်တည်ရှိပြီး မိတ္ထီလာမြို့ရှောင်လမ်းမကြီးဘေးတွင်တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင်မြို့ကြီးကုန်းကျေးရွာ၊ အနောက်ဘက်တွင် ထနောင်းကုန်းကျေးရွာ၊ တောင်ဘက်တွင် ကန်သာကျေးရွာ၊ မြောက်ဘက်တွင် သက်ကျေးရွာတို့ ဝန်းရံလျှက်ရှိပါသည်။ရွာတောင်ဘက်တွင် သပြေဝ-မြို့ကြီးကုန်း-ဟံဇေးကျေးရွာချင်းဆက်လမ်း တည်ရှိပါသည်။မိတ္ထီလာစက်မှုဇုံနှင့်လည်း နီးကပ်စွာတည်ရှိပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

သပြေဝကျေးရွာသည် အပူပိုင်းမိုးနည်းဒေသဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်သည့် အိမ်ထောင်စုတိုင်း လယ်မြေ၊ ယာမြေများ ပိုင်ဆိုင်၍ ကိုယ်ပိုင် လုပ်ကိုင်ကြပါသည်။ ယာမြေထက် လယ်မြေက ပိုများပါသည်။ လယ်မြေများမှာ သဘာဝမြေဩဇာအသုံးပြုမှုနည်းသည့်အတွက် မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။

သပြေဝကျေးရွာနှင့် အနီးတဝိုက်တွင် ဓါတ်သတ္တု ပစ္စည်းများ မထွက်ရှိပါ။ အပူပိုင်းမိုးနည်းဒေသဖြစ်၍ အရိပ်ရအပင်များဖြစ်သော မန်ကျည်း၊ကုက္ကို၊ ထနောင်း၊တမာ၊ ဆူးဖြူ၊ ကန္တာရဆူးပင်များပေါက်ရောက်ပါသည်။သဘာဝတိရိစ္ဆာန်များအနေဖြင့်စာကလေး၊ကျီးကန်း၊ဆက်ရက်၊ ခိုစသည့်ငှက်အမျိုးမျိုးနှင့်ဗျိုင်း၊တောက်တဲ့၊မြွေစသည်တို့အားတွေ့ရှိရပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်အိမ်ခြေ (၄၀၂)အိမ်၊အိမ်ထောင်စု (၄၀၂)စု၊ လူဦးရေ ကျား (၈၁၈) ဦးနှင့်မ (၉၅၂)ဦး စုစုပေါင်း (၁၇၇၀) ဦး ရှိပါသည်။ ကျေးရွာတွင် တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေ အနေဖြင့်(၄.၄) ဦး တွေ့ရှိရပြီး မြန်မာနိုင်ငံတစ်အိမ်ထောင်ပျမ်းမျှလူဦးရေစံနှုန်း (၅) ဦးအောက်လျော့နည်းပါသည်။ ကျေးရွာတွင် နို့စို့အရွယ် ၀.၄%၊ ၅ နှစ်အောက်ကလေးငယ် ၃.၂%၊ မူလတန်းကျောင်းသားအရွယ် ၄.၈% ၊အလယ်တန်း ကျောင်းသားအရွယ် ၆.၅%၊ အလုပ်လုပ်နိုင်သည့်အရွယ် ၇၄.၅%၊ သက်ကြီးရွယ်ကြီး ၁၀.၄% စသည်ဖြင့် ရှိပါသည်။ သက်ကြီးရွယ်ကြီး ၁၀.၄%သာရှိသည်ကိုတွေ့ရ၍အသက်ရှည်စွာ နေထိုင်ရာ သူနည်းပါးပါသည်။

သပြေဝ ကျေးရွာတွင် ကျေးရွာလူထုအခြေပြုအဖွဲ့ ၅ ဖွဲ့ ရှိပါသည်။ ကျေးရွာလူမှုရေး/သာရေး/နာရေးနှင့်လူမှုဖွံ့ဖြိုးရေးအတွက်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ အဆိုပါအဖွဲ့တွင် ကျေးရွာ၏ လူငယ်/လူကြီး/ကျား/မပေါင်းစုံစုစည်းဖွဲ့စည်းထားသောအဖွဲ့ဖြစ်ပါသည်။ အဖွဲ့(၅)ဖွဲ့လုံးစည်းလုံးပြီး

လုပ်ငန်းဆောင်ရွက်မှု ကောင်းပါသည်။ ကျေးရွာ၏ သာရေးနာရေး၊ လူမှုရေး များကို ဆောင်ရွက်ပါသည်။

သပြေဝကျေးရွာ၏ ဥစ္စာဓနအဆင့်ကို ဆန်းစစ်ရာ အဆင်ပြေသော အိမ်ထောင်စု ၂၅.၃%၊ အလယ်အလတ်ရှိသော အိမ်ထောင်စု ၆၈.၄%၊ မပြေလည်သောအိမ်ထောင်စု ၄.၉%၊ အလွန်မပြေလည်သော အိမ်ထောင်စု ၁.၂% ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် ယက္ကန်းလုပ်ငန်းအား တွဲဖက်လုပ်ကိုင်ကြသောကြောင့် စီးပွားရေးအသင့်အတင့် ပြေလည်ကြပြီး ဆင်းရဲချမ်းသာမျှတပါသည်။

ကျေးရွာအိမ်ထောင်စုများအနက်မှ ဥစ္စာဓနအဆင့် ၃ နှင့် ၄ ၏ ၃၀ % ကို စစ်တမ်းကောက်ယူရာ ဝမ်းစာဖူလုံမှုအတွက် လုပ်အားခကြိုယူခြင်းနှင့် ချေးယူခြင်းဖြင့် ဖြေရှင်းကြပါသည်။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု၊မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စုများမရှိပါ။ ကျေးရွာရှိ လူငယ်အချို့သည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့်ဝင်ငွေများအတွက် ပြည်တွင်းရှိ(၈ယား(၂၄) အခြားမြို့များသို့လည်းကောင်း၊ ပြည်ပနိုင်ငံများသို့လည်းကောင်း သွားရောက်လုပ်ကိုင်ကြပါသည်။ ပြည်တွင်းရွှေ့ပြောင်း လုပ်ကိုင်သူကျား(၅၄)ဦး၊ မ(၂၅)ဦး၊ ပြည်ပရွှေ့ပြောင်းလုပ်ကိုင်သူကျား(၁)ဦး စုစုပေါင်းပြည်တွင်း/ပ ရွှေ့ပြောင်းလုပ်ကိုင်သူ(၁)ဦးနှင့် အိမ်ထောင်စု (၈၀)စုရှိပါသည်။ပြည်တွင်း/ပြည်ပ ရွှေ့ပြောင်းလုပ်ကိုင်သူများတွင် ကျား/မ(၂)ဦးလုံး သွားရောက်လုပ်ကိုင်သည်ကိုတွေ့ရပြီး တစ်အိမ်ထောင်လျှင်(၁)ဦးမှ(၂)ဦး ထိသွားရောက်ကြပါသည်။ပြန်ပို့ငွေကိုမှီခိုနေရသောအိမ်ထောင်စုမှာ ၇၇စုခန့်ရှိပြီးကျန်၃စုမှာမမှီခိုပါ။ မှီခိုခြင်းဆိုရာ၌ပြည်ပနိုင်ငံသို့ သွားရောက်ရန် ကုန်ကျငွေကာမိရန်ဖြစ်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

သပြေဝကျေးရွာသည် အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း၊ ယက္ကန်းလုပ်ငန်း နှင့် တောင်သူလုပ်ငန်း ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို စိုက်ပျိုးမြေပိုင်ဆိုင်သော အိမ်ထောင်စု ၇၀% ရှိမှလုပ်ကိုင်ကြပါသည်။ လယ်မြေ (၉၉၂.၁) ဧက၊ယာမြေ(၄၁.၇)ဧက၊ ဥယျာဉ်ခြံမြေ(၇)ဧကစုစုပေါင်း စိုက်ပျိုးမြေ(၁၀၄၀.၈)ဧက စိုက်ပျိုးကြပါသည်။မြေယာပိုင်ဆိုင်မှုအနေဖြင့် တောင်သူကြီး (၂၀)ဦး၊ တောင်သူလတ် (၃၀)ဦး၊ တောင်သူငယ် (၅၀)ဦး ရှိပါသည်။

စိုက်ပျိုးမြေများသည်မိုးကောင်းရေသောက်ဧရိယာတွင်ပါဝင်ပြီးကျေးရွာ၏အနောက်ကြက်မောက်ကျေးရွာ အရှေ့တောင်ယွန်းယွန်းတွင် ရဲဘော်ကန်ဆည် ရှိပါသည်။ ၎င်းဆည်သည်

ပိုးရာသီတွင် မိတ္ထီလာကန်ရေနှင့် ကုန်းစီးရေများစုပေါင်းဝင်ရောက်လာမှုကြောင့် ဆည်တာဘောင်မှာ နှစ်စဉ်ကျိုးပေါက်မှုများဖြစ်ပေါ်သဖြင့် စိုက်ပျိုးရေအတွက်လုံလောက်မှုမရှိပါ။ ဆည်နှင့်ကျေးရွာသည် (၁)မိုင်ခန့် ကွာဝေးပြီး ကျေးရွာအတွင်းရှိရေကန်သို့စီးဝင်၍စိုက်ပျိုးမြေများသို့ ရေသွင်းမြောင်းများမှာဆင့်ရယူသုံးစွဲကြပါသည်။

ကျေးရွာတွင် လယ်မြေပိုများ၍ စပါး၊ ကုလားပဲနှင့်မိုးဦးနှမ်းတို့ကို အဓိကထား စိုက်ပျိုးကြပါသည်။ စပါး၊ကြက်သွန်၊နှမ်း စိုက်ပျိုးကြပါသည်။ စပါးစိုက်ဧက (၁၀၀၀) ဧက၊ ကြက်သွန် (၅၀)ဧက၊ နှမ်း(၃၀) ဧကနှင့် စိုက်ပျိုးကြပါသည်။ စပါး၊ ကြက်သွန်နှင့်နှမ်းတို့မှာ အမြတ်များများ ရရှိသော သီးနှံများဖြစ်ပါသည်။သီးနှံများအထွက်နှုန်းတိုးစေရန်နှင့် သီးနှံပေါ်ချိန် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်မှသာ အမြတ်များများ ရရှိပါမည်။

ကျေးရွာတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် ၆ ခု၊ ခြွေလှေ့စက် (၁) ခု ရှိပြီး လက်တွန်းထွန်စက်ကို ကျန်တောင်သူ(၂၀၀)ဦးခန့်မှငှားရမ်းသုံးစွဲကြပါသည်။ မိရိုးဖလာအတိုင်း ခိုင်းနွားအသုံးပြု၍ထွန်ယက်စိုက်ပျိုးသူများလည်းရှိပါသည်။

သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်း အချို့ရှိပါသည်။ ရာသီဥတုမမှန်သော်လည်း အသင့်အတင့် ကောင်းမွန်ပါသည်။ လယ်ယာမြေများသည် မိုးရေကိုသာအဓိက ထားမှီခို စိုက်ပျိုးလုပ်ကိုင်ကြပြီးမြေဆီလွှာအရည်အသွေးမှာအသင့်အတင့်ကောင်းမွန်ပါသည်။ လယ်ယာမြေ ပိုင်ဆိုင်မှုရှိသူများ စိုက်/ ဘဏ်မှ ချေးငွေ ရရှိပါ သည်။ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် ဓာတုဗေဒသွင်းအားစု များဝယ်ယူနိုင်သည်။သဘာဝမြေဆွေးမြေဩဇာကိုလည်းအသုံးပြုကြပါသည်။

သီးနှံအမြတ်များစေရန်ရင်ဆိုင်ရသည့် အခက်အခဲများမှာသီးနှံပေါ်ချိန်တွင် သီးနှံများကို လွယ်ကူစွာရောင်းချနိုင်သော်လည်း ဈေးနှုန်းမမှန်ကန်ပါ။သီးနှံဖျက်ပိုးနှင့်ရောဂါပိုးများ အသင့်အတင့်ကျရောက်ပါသည်။ရေမြေရာသီဥတုမှာမမှန်၍ ရံဖန်ရံခါမိုးခေါင်တတ်ပါသည်။စိုက်ပျိုးရေလုံလောက်စွာမရရှိပါ။မျိုးကောင်းမျိုးသန့်မျိုးစေ့များ လွယ်ကူစွာမရရှိနိုင်ပါ။ လုပ်သားအင်အားနှင့် နည်းပညာဝန်ဆောင်မှုများလည်းရရှိနိုင်ပါသည်။ယာမြေများမှာ မြေဆီလွှာအရည်အသွေးသင့်တင့် ကောင်းမွန်ပါသည်။

၄။ (ခ) မွေးမြူရေးလုပ်ငန်း

မွေးမြူရေးလုပ်ငန်းအနေဖြင့် နွား၊ ဆိတ်၊ ဝက်နှင့်ကြက်ကို အများဆုံးမွေးမြူကြပါသည်။ လုပ်ကိုင်ကြပါသည်။ တစ်အိမ်ထောင်လျှင်နွားကို (၁)ကောင်မှ(၃)ကောင်ထိမွေးမြူကြပြီး ၅ ကောင်၊ ၆ ကောင်ထိမွေးမြူသောအိမ်ထောင်စုများလည်းရှိပါသည်။ ကြက်နှင့်ဝက်ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူ

ကြပါသည်။ တစ်အိမ်ထောင်လျှင် ကြက်(၁)အုပ်(၂)အုပ်မှသည် (၄)အုပ်(၅)အုပ် ထိရှိပါသည်။ ငါးပုဇွန် ဖမ်းမြူရေးမရှိပါ။

မွေးမြူရေးလုပ်ငန်းအတွက် စားကျက်မြေ အသင့်အတင့်ရှိပါသည်။ ရေမျိုးကောင်း၊ မျိုးသန့်၊ သွင်းအားစု များအား လက်လှမ်းမီပါသည်။ မွေးမြူရေးအတွက် သီးသန့်ချေးငွေ မရရှိပါ။ သမဝါယမချေးငွေ ကဲ့သို့ချေးငွေလက်လှမ်းမီပါသည်။ မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှုများ မရှိပါ။ မွေးမြူရေးကိုစီးပွားဖြစ်မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်သာလုပ်ကိုင်ကြပါသည်။

၄။ (ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် ယက္ကန်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် လုပ်သားတစ်ဦးလျှင် တစ်ရက်ငွေကျပ် (၃၀၀၀)မှ(၄၀၀၀)အထိရရှိပါသည်။ အခြားဆောက်လုပ်ရေး လုပ်ငန်းခွင်များတွင် လက်သမား/ပန်းရံ လုပ်ကိုင်သူများအနေဖြင့် တစ်ရက်ငွေကျပ်(၄၀၀၀)မှ (၆၀၀၀)အထိ ရရှိနိုင်ပါသည်။ အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် စက်ချုပ်သူများ၊ အလှပြင်သူများနှင့် စားသောက်ဆိုင်များတွင် လုပ်ကိုင်သူများ လည်းရှိပါသည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ လုပ်သားရရှိနိုင်ခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းရရှိခြင်းသည် လုပ်ငန်း၏အခွင့်အလမ်းများဖြစ်ပါသည်။ ချေးငွေသီးသန့်မရှိသော်လည်း သမဝါယမချေးယူရယူနိုင်ပါသည်။ အသက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာနှင့် အသေးစား/ အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာဝန်ဆောင်မှုများမရပါ။ ဝန်ဆောင်မှုများရနိုင်လျှင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုတွင်ကျယ်လာနိုင်ပါသည်။

၄။ (ဃ) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမချေးငွေ ရယူသူများရှိပါသည်။ လယ်ယာမြေ ပိုင်ဆိုင်သော တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးယူကြပြီး ချေးယူသည့် တောင်သူ (၉၈%) ခန့် ရှိပါသည်။ သမဝါယမချေးငွေယူသူ (၁၂၀) ဦးခန့်သာ ရှိပါသည်။ နေ့စား၊အလုပ်သမားများအနေဖြင့် ကျန်းမာရေး၊ ပညာရေးတို့အတွက် ဆွေမျိုးနှင့်ငွေတိုးပေးသူထံမှ ချေးယူကြသည်လည်းရှိပါသည်။ အတိုးနှုန်းမှာ၅%မှ၁၀%ထိဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

သပြေဝကျေးရွာတွင်းရှိ လမ်းများသည် မြေသားလမ်းများဖြစ်ပါသည်။ မိုးတွင်းကာလများတွင်သွားလာရန်ခက်ခဲပါသည်။ကျေးရွာတွင်းလမ်းများ ရေရှည်တည်တံ့ရန် ရေဆိုးထုတ်မြောင်းများ စနစ်တကျတူးဖော်ရန်လိုအပ်ပါသည်။ ကျေးရွာချင်းဆက်လမ်းမှာ ရွာ၏တောင်ဘက်တွင် သပြေဝ-မြို့ကြီးကုန်း-ဟံဇားလမ်းနှင့်ရွာ၏ အနောက်ဘက်တွင်မိတ္ထီလာမြို့ရောင်လမ်းရှိပါသည်။

သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်ကို အသုံးများပါသည်။ စက်ဘီးကို ကျောင်းသား/ သူများမှ သုံးစွဲကြပြီး နွားလှည်းကို လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုကြပါသည်။ စက်ဘီး (၉၄) စီး၊ မော်တော်ဆိုင်ကယ် (၃၈၂) စီး နှင့် သုံးဘီးဆိုင်ကယ် (၁) စီးနှင့် နွားလှည်း (၆၉) စီး ရှိပါသည်။

သပြေဝကျေးရွာနှင့် (၀/၃) မိုင်ခန့်အကွာတွင် သပြေဝဈေးရှိပါသည်။ ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ဈေးကွက်လက်လှမ်းမှီပါသည်။

၅။ (ခ) ကျေးရွာမီးလင်းရေး

သပြေဝကျေးရွာသည် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေး သောကျေးရွာဖြစ်ပါသည်။ လျှပ်စစ်မီးသုံးစွဲသူ အိမ်ထောင်စု(၃၁၇)အိမ်ရှိပြီး၊ ဆိုလာစနစ်အသုံးပြုသည့် အိမ်(၂)အိမ်နှင့် ဒီဇယ်အင်ဂျင် အသုံးပြုသည့်အိမ်(၁)အိမ်ရှိပြီးလျှပ်စစ်မီး အသုံးမပြုနိုင်သော အိမ်ထောင်စု အနည်းငယ်ရှိပါသည်။

၅။ (ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းတယ်လီဖုန်းလိုင်းများ၊ ရေဒီယိုလိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ဂြိုလ်တုစလောင်းလိုင်းများအား ဖမ်းယူရရှိပါသည်။ အင်တာနက်လိုင်းလည်း ရရှိ၍ ဆိုရှယ်မီဒီယာမှလည်း သတင်းအချက်အလက်များ ရယူပါသည်။ အိမ်ထောင်စုတိုင်း မိုဘိုင်းဖုန်းအသုံးပြုနိုင်ကြပြီး ဖုန်းပိုင်ဆိုင်မှု အနေဖြင့် (၈၈၃) ခုရှိပါသည်။ ဖျော်ဖြေရေးနှင့် သတင်းအချက်အလက်အချို့ကို ရေဒီယို နားထောင်ခြင်းနှင့် အခမဲ့ရုပ်သံလိုင်းများ၊ ဂြိုလ်တုစလောင်း ဖမ်းယူ ကြည့်ခြင်းဖြင့် အနားယူကြပါသည်။ ရေဒီယို (၁၇) ခု၊တီဗွီ (၃၃၄) ခု၊ စလောင်း (၇၀) ခုရှိပါသည်။ ကျေးရွာတွင် ဘေးကင်းလုံခြုံရေး ဝန်ဆောင်မှု အထောက်အကူများမရှိပါ။ ကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှု၊ အကြမ်းဖက်မှုများ မရှိပါ။

၆။ ပညာရေး

ကျေးရွာတွင် ကျောင်းနေအရွယ်လူဦးရေ၏ စာတတ်မြောက်မှုနှုန်းကို ဆန်းစစ် ရာ မူလတန်းအဆင့်ရှိသူ ၅၁.၅%၊ အလယ်တန်းအဆင့်ရှိသူ ၂၂.၆%၊ အထက်တန်းအဆင့်ရှိသူ ၁၃.၃%၊ တက္ကသိုလ်/ ကောလိပ်အဆင့်ရှိသူ၁၁.၄% ရှိပါသည်။ စာမတတ်သူ အနေဖြင့်၀.၉% သာရှိသည့်အတွက်ကျေးရွာတွင်ပညာတတ်ပေါများပါသည်။ယခုအခါတွင်စာမတတ်သူပပျောက်ရေးအစီ အစဉ်များဖြင့်ကျေးရွာများသို့ကွင်းဆင်းသင်ကြားပေးမှုကြောင့်စာမတက်သူမရှိပါ။

ကျောင်းတက်နှုန်းအနေဖြင့် မူလတန်းတွင် (၈၆) ဦး၊ အလယ်တန်းတွင် (၉၄) ဦး၊ အထက်တန်းတွင်(၄၄) ဦး၊ တက္ကသိုလ်/ ကောလိပ်တွင် (၄၈) ဦး တက်ရောက်လျက်ရှိပါသည်။

ကျေးရွာတွင် အ.ထ.ကခွဲကျောင်းရှိပါသည်။ ကျောင်းတွင် ကျောင်းဆောင်(၃)ဆောင် ရှိပါသည်။ ကျောင်းဆောင်မှာအလျား(၂၉၀)ပေ၊ အနံ(၂၄၈)ပေ၊ အမြင့်(၁၂)ပေရှိပြီး ကျောင်းဆရာ/မ (၁၉)ဦးရှိ၍ ဆရာ/ဆရာမ အင်အားလုံလောက်မှုရှိပါသည်။ ကျောင်းသုံးပရိဘောဂများ လုံလောက်ပါ သည်။ မိဘဆရာအသင်းမှာ ကျောင်းပညာရေးနှင့် ဖွံ့ဖြိုးရေးများတွင် ပါဝင်ပါသည်။ကျေးရွာတွင် အ.ထ.ကကျောင်းခွဲရှိသော်ကြောင့် မူလတန်းကျောင်းထွက်နှုန်းမရှိပါ။ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရပါသည်။မိသားစု စားဝတ်နေရေးအခက်အခဲကြောင့် အလယ်တန်းနှင့်အထက်တန်း ကျောင်းထွက်နှုန်း အနည်းငယ်သာရှိပါသည်။ အလယ်တန်းနှင့်အထက်တန်းကို ကျေးရွာတွင်သာ တက်ရောက်နိုင်သည့်အတွက်အဆင်ပြေပါသည်။

ကျေးရွာလူငယ်များ၏ အခန်းကဏ္ဍမှာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားကောင်းပါသည်။ လူငယ်များအတွက် စာကြည့်တိုက်၊ ပျော်ပွဲရွင်ပွဲ၊ အနားယူ အပန်းဖြေရန်နေရာများ မရှိပါ။ အားကစား အနေဖြင့် ဘောလုံးကန်ခြင်းကိုသာ လုပ်ငန်းခွင် သိမ်းချိန်တွင် ကစားကြပါသည်။ အားကစားနှင့် ကာယ လေ့ကျင်ခန်း ပြုလုပ်ရန်နေရာ မရှိပါ။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနအနေဖြင့် ဆရာမ(၂)ဦးရရှိပြီဖြစ်ပြီး ဆေးပေး ခန်းဆောက်လုပ်နိုင်ရန် ကြိုးပမ်းလျှက်ရှိပါသည်။ ကျေးရွာမှ(၆)မိုင်ခန့်အကွာတွင် ဟံဇာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနရှိပါသည်။သာမန်ဖျားနာလူနာများ၊ ကိုယ်ဝန်ဆောင် မိခင်များအတွက် ကျန်းမာရေး ကုသရန်လက်လှမ်းမီပါသည်။ ကျေးရွာတွင် ရာသီအလိုက် ဖြစ်ပွားတတ်သော ဝမ်းပျက် ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါများကို မိုးရာသီတွင် ကလေးများ၌ အနည်းငယ်ဖြစ်ပွား တတ်ပါ သည်။ သွေးတိုးရောဂါများမှာ သက်ကြီးရွယ်အို အချို့တွင် ဖြစ်ပွားပါသည်။ အရေးပေါ်လူနာများအတွက်

သာစည်မြို့နယ်ဆေးရုံသို့သွားရောက်ကုသရပါသည်။

ကျေးရွာတွင်ကိုယ်ပိုင်အဝီစိတွင်း စက်တပ်တွင်းများ ၂၀၀တွင်း ရေတွင်းအချို့မှာ ရေငံများထွက်ရှိသော်လည်း အချို့တွင်းများမှာ ရေချိုထွက်ရှိသောကြောင့် သောက်သုံးရေအနေဖြင့် အဆင်ပြေပါသည်။

ကျေးရွာအိမ်ထောင်စုအားလုံး ရေဆွဲအိမ်သာနှင့် ယင်လုံအိမ်သာကို သုံးစွဲကြပါသည်။ ကျေးရွာမှ စွန့်ပစ် အမှိုက်များကိုရွာနှင့် (၁) ဖာလုံခန့် အကွာအနောက်ဘက်တွင် စွန့်ပစ်အမှိုက် စွန့်ပစ်ရန်နေရာ သတ်မှတ်ပြီး ကိုယ်ထူကိုယ်ထ စွန့်ပစ်ဖျက်ဆီးကြပါသည်။ စနစ်တကျမဖြစ်သည့် အတွက် မီးဘေးအန္တရာယ် အနည်းငယ် စိုးရိမ်ရပါသည်။

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး သဘာဝဓါတ်မြေဩဇာထက် ဓါတုဓါတ်မြေဩဇာကိုအသုံးများသောကြောင့် မြေဆီဩဇာပျက်ဆီးမှု အနည်းငယ်ရှိပါသည်။ ဖျက်ပိုးများ ကျရောက်လေ့ရှိပြီး နည်းပညာဗဟုသုတ နည်းပါးသောကြောင့် ထိထိရောက်ရောက် မကာကွယ်နိုင်ပါ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုအတွက် အလေ့အကျင့်ကောင်းများ စီမံဆောင်ရွက်မှု မရှိသေးပါ။ အသိပညာဗဟုသုတများ လိုအပ်ပါသည်။

၉။ ကျား-မရေးရာ

ကျေးရွာတွင် အမျိုးသမီးများအား အမျိုးသားများနည်းတူ တန်းတူ အခွင့်အရေး ပေးထားသည်။ သို့သော် ကျေးရွာရှိအုပ်ချုပ်မှုဆိုင်ရာများတွင် မပါဝင်ကြသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင်း အမျိုးသမီး အကြမ်း ဖက်မှုဆိုင်ရာ တိုင်ကြားမှုများမရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရား မျှတမှု ဆိုင်ရာများအတွက် ကျေးရွာသူ/ သားများမှ မသိရှိပါ။ အသိပညာ ဗဟုသုတ နည်းပါးပါ သည်။ အမျိုးသမီးဘဝ လုံခြုံစိတ်ချရမှု အပြည့်အဝရှိပါသည်။

လုပ်အားခများ အနေဖြင့်အမျိုးသားနှင့် အမျိုးသမီးတို့၏ တစ်နေ့လုပ်အားခမှာ တန်းတူဖြစ်ပါသည်။ လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ အနည်းအများ ကွာဟရခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိက ဆောင်ရွက်သော ကျေးရွာဖြစ်သောကြောင့် စိုက်ပျိုးရေး နေ့စားလုပ်အားခများမှာ အမျိုးသားများသည် တစ်နေ့လျှင် အများဆုံး ငွေ ကျပ် ၄၀၀၀/-၊ အမျိုးသမီးများသည်လည်း တစ်နေ့လျှင် အများဆုံး ငွေ ကျပ် ၄၀၀၀/-၊ ဖြစ်ပြီး အနည်းဆုံး မှာ ငွေကျပ် ၃၀၀၀/- တန်းတူ ဖြစ်ပါသည်။

ပညာသင်ကြားမှုတွင် ရှေးယခင်က အမျိုးသမီးများ မူလတန်းပညာဖြင့် ကျောင်းထွက်မှုများပြီး ယခုအခါ အမျိုးသား၊အမျိုးသမီးမခွဲခြားဘဲပညာရေးကိုအားပေးကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိ ချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြ ပါသည်။ ကျေးရွာ၏ ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများသည် ဆိုးဝါးသော သဘာဝ ဒဏ်အန္တရာယ် ကျရောက်မှုမှ လွဲ၍ပြောင်းလဲခြင်း မရှိနိုင်ပေ။ သို့သော် ဒေသတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအရ အရေးကြီးပြုပြင်ပြောင်းလဲသင့်သောအရာများတွင် ထပ်တိုး စီမံကိန်းများ ထပ်မံ ထည့်ဝင်သွားမည် ဖြစ်ပါသည်။ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

သာစည်မြို့နယ်၊ သပြေဝ ကျေးရွာအုပ်စု၊ သပြေဝ ကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့်စီမံချက်များ

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	ကျေးရွာအဝင်လမ်းမကြီးအားပေ(၈၀၀)ကွန်ကရစ်လမ်းခင်းခြင်း	၁	✔				
၂	အ.ထ.ကခွဲကျောင်းမှတကစ(၁၀)သို့သွားသောလမ်းအားကျောက်ဆွေးလမ်းခင်းခြင်း	၂		✔			
၃	ကျေးရွာအနောက်မြောက်တခါးမှသုသာန်သို့သွားသောကျေးရွာပတ်လမ်းအားကျောက်ဆွေးလမ်းခင်းခြင်း	၃			✔		
၄	ကျေးရွာစာကြည့်တိုက်တည်ထောင်ခြင်း	၄				✔	
၅	ကျေးရွာ၏စွန့်ပစ်အမှိုက်များစီမံခန့်ခွဲခြင်းစနစ်ဆောင်ရွက်ခြင်း	၅					✔

သာစည်မြို့နယ်၊ သပြေဝ ကျေးရွာအုပ်စု၊ သပြေဝကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးထွန်းထွန်း(၃)	ဦးထွန်းကြည်	၉/ သစန (နိုင်) ၀၁၅၀၀၉	၅၄	ဥက္ကဋ္ဌ	09 - 402732329
၂	ဦးယဉ်လှိုင်	ဦးစံလှဘော်	၉/ သစန (နိုင်) ၀၉၆၄၁၃	၄၀	အတွင်းရေးမှူး	09 -787476429
၃	ဦးမြင့်နိုင်ထွန်း	ဦးအောင်သန်း	၉/ သစန (နိုင်) ၀၀၈၄၀၉	၄၈	ဘဏ္ဍာရေးမှူး	09 -402671350
၄	ဦးကျော်မင်းသစ်	ဦးဘိုသစ်	၉/ သစန (နိုင်) ၀၉၂၀၇၄	၄၃	စာရင်းကိုင်(၁)	09 -402758382
၅	ဒေါ်နီနီဝင်း	ဦးလွင်ထွန်း	၉/ သစန (နိုင်) ၀၉၆၃၄၅	၄၇	စာရင်းကိုင်(၂)	-
၆	ဦးထွန်းထွန်း(၂)	ဦးစံဝ	၉/ သစန (နိုင်) ၀၉၆၃၆၂	၄၅	အဖွဲ့ဝင်	09 -402638900
၇	ဦးတင်ထွန်း	ဦးအောင်သန်း	၉/ သစန (နိုင်) ၀၁၅၀၉၄	၅၈	အဖွဲ့ဝင်	09 -402517506
၈	ဦးမင်းနိုင်စိုး	ဦးဆန်းဝင်း	၉/ သစန (နိုင်) ၁၁၆၄၁၂	၃၆	အဖွဲ့ဝင်	09 -404041511
၉	ဒေါ်မြင့်မြင့်တင်	ဦးပွ	၉/ သစန (နိုင်) ၀၁၅၀၉၈	၅၁	အဖွဲ့ဝင်	-
၁၀	ဒေါ်သန်းဆိုင်	ဦးသာအောင်	၉/ သစန (နိုင်) ၀၁၄၉၈၂	၅၈	အဖွဲ့ဝင်	-
၁၁	ဒေါ်တင်တင်ထွန်း	ဦးမောင်စိုး	၉/ သစန (နိုင်) ၁၇၂၄၉၈	၂၅	အဖွဲ့ဝင်	-
၁၂	ဦးနိုင်ဌေး	ဦးသာဟန်	၉/ သစန (နိုင်) ၀၁၅၃၀၇	၅၅	အဖွဲ့ဝင်	09 -402517504
၁၃	ဦးမြင့်ထွန်း	ဦးမောင်ညွန့်	၉/ သစန (နိုင်) ၀၁၅၀၄၈	၅၃	အဖွဲ့ဝင်	09 -974477174

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၂	၇
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၂၂	၃၅	၅၇
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄၄	၄၂	၈၆
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၆၃	၅၃	၁၁၆
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၆၁၄	၇၀၅	၁၃၁၉
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၇၀	၁၁၅	၁၈၅
စုစုပေါင်း		၈၁၈	၉၅၂	၁၇၇၀
စုစုပေါင်း အိမ်ထောင်စု		၄၀၂		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည် မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ် နှင့်အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

ဇယားတွေ့ရှိချက်။ ။ သပြေဝကျေးရွာတွင် နို့စို့အရွယ် ၀.၃% ၅ နှစ်အောက်ကလေးငယ် ၃.၂% မူလတန်း ကျောင်းသားအရွယ် ၄.၈% အလယ်တန်းကျောင်းသားအရွယ် ၆.၅% အလုပ်လုပ်နိုင်သည့်အရွယ် ၇၄.၅% သက်ကြီး ရွယ်ကြီး ၁၀.၄၅% စသည်ဖြင့် ရှိပါသည်။ ကျေးရွာ တွင် သက်ကြီးရွယ်အိုများသဖြင့်သက်ရှည် ကျန်းမာကြ သည်ဟု ဇယားတွေ့ရှိရပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှနေရာ တစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၁၂၀	၁၅၂	၆၅	မြင့် ☑လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၆	၁၂	၁၂၀	မြင့်□လတ်□နိမ့် ☑
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၂၂၉	မြင့်□□လတ်☑နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□□လတ်□□နိမ့် □
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၁၂	၁၀၉	မြင့် □လတ် □နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၆၉	မြင့် □လတ် □နိမ့် ☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	JJ	မြင့် ☐လတ် ☑နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	J	၀	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀		မြင့် ☐လတ် နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၈	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၄၄	၉	မြင့် ☐လတ် ☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၃	J	မြင့် ☐လတ် ☑နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၄	၃	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၅	၁	မြင့် ☐လတ် ☐နိမ့် ☑
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၆	၀	မြင့် □လတ် □နိမ့် ☑
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း /ရာသီအလိုက် အလုပ်သမား	၁၀၆	၁၀၆	၁၀၆	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၄၅	၄၉	မြင့် □လတ် □နိမ့် ☑
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ သပြေဝကျေးရွာ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ လယ်ယာမြေများပိုင်ဆိုင်ကြပြီး ကိုယ်ပိုင်လုပ်ကိုင်သော အိမ်ထောင်စု ၇၂.၈% ရှိပြီး ကျန်အိမ်ထောင်စု ၂၇.၂% မှာ လက်လုပ်လက်စားများ ဖြစ်ပါသည်။ အခြား ဝင်ငွေရ လုပ်ငန်းအဖြစ် ယက္ကန်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၄၀၀၀	၃၅၀၀	၃၀၀၀	၂၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၅၀၀၀	၅၀၀၀	၄၀၀၀	၃၀၀၀
၇	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)	နေ့စား	၅၀၀၀	၄၀၀၀	၃၅၀၀	၃၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

နမူနာတွက်ချက် (၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကျား/ မ လုပ်အားခ ကွာခြားမှု မရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၉၉၂.၁၀	ကောင်း □□□□သင့်□□□□ညံ့ ✔
ယာမြေ / တောင်ယာမြေ	၄၁.၇၀	ကောင်း □ သင့်□ ညံ့ ✔
ဥယျာဉ်ခြံမြေ	၇.၀၀	ကောင်း □ သင့်□ ညံ့ ✔
ကိုင်း/ ကျွန်းမြေ	၀.၀၀	ကောင်း □ သင့်□ ညံ့ □
ခနိတောမြေ	၀.၀၀	ကောင်း □ သင့်□ ညံ့ □
စားကျက်မြေ	၀.၀၀	ကောင်း □ သင့်□□□□ညံ့ □
မြေလွတ်မြေလပ်	၉.၀၀	ကောင်း □ သင့်□ ညံ့ ✔
စုစုပေါင်း	၁၀၄၉.၈	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

ဇလုံလာတွေ့ရှိချက်။ ။ ကျေးရွာတွင် ယာမြေထက် လယ်မြေပိုများပါသည်။ လယ်မြေတွင် သဘာဝမြေဩဇာအသုံးပြမှု နည်းသည့်အတွက် မြေဆီလွှာ အရည်အသွေးမှာ ကောင်းမွန်မှုမရှိပါ။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ□ သင့်□□ နည်း□ မရှိ□	လွယ် ခက် ✔ အသုံးမပြုနိုင်ပါ
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ□□သင့်□□နည်း□ မရှိ□	လွယ်□□ခက်✔ အသုံးမပြုနိုင်ပါ □
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□□သင့်□□နည်း✔ မရှိ□	လွယ်□□□□□ခက် ✔ အသုံးမပြုနိုင်ပါ□

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ□□သည်□□နည်း ✔ မရှိ□	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

ဖေလ္လာတွေ့ရှိချက်။ ။ သပြေဝကျေးရွာနှင့် အနီးတဝိုက်တွင် ဓါတ်သတ္တုပစ္စည်းများ မထွက်ရှိပါ။ သဘာဝအပင်မျိုးစိတ်များအနေဖြင့် အလယ်ပိုင်း အပူပိုင်းဒေသဖြစ်သောကြောင့် မန်ကျည်းပင်၊ တမာပင်၊ ထနောင်းပင်နှင့် ကုက္ကိုပင်စသည့် အရိပ်ရပင် များကို တွေ့ရပါသည်။ သဘာဝ အပင်များ ပေါက်ရောက်မှုနည်းပြီး ကန္တာရ ဆူးပင်များ ပေါက်ရောက်မှု များသည်။ စာကလေး၊ ဆက်ရက်၊ ကျီးကန်းစသည့် တောကောင်များလည်း တွေ့ရပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀၂	၂၇၅	၂၀	၅

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

ဖေလ္လာတွေ့ရှိချက်။ ။ သပြေဝကျေးရွာ၏ အိမ်ထောင်စုအလိုက် ဥစ္စာဓနအခြေအနေကို ဆန်းစစ်ရာ အဆင်ပြေသော အိမ်ထောင်စုတွင် ၂၅.၃၇၃% အလယ်အလတ်ရှိသော အိမ်ထောင်စု ၆၈.၄၁% မပြေလည်သော အိမ်ထောင်စု ၄.၉၇၄% အလွန်မပြေလည်သော အိမ်ထောင်စု ၁.၂၄၃% ရှိပါသည်။ စီးပွားရေးလုပ်ငန်းအဖြစ်

စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်သောကြောင့် လယ်မြေပိုင်ဆိုင်မှု၊ သီးနှံထွက်နှုန်းတိုးမှုတို့ပေါ်မူတည်၍ ဝင်းရဲချမ်းသာ ကွာဟရခြင်း ဖြစ်ပါသည်။

(၈) ထိခိုက်လွယ်မှု

(၈-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၄	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၂ လုပ်အားခကြိုယူ = ၂
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၄	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၂ လုပ်အားခကြိုယူ = ၂
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၁	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၁ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။ ဇလ့်လာတွေ့ရှိချက်။ ။ ကျေးရွာအိမ်ထောင်စုများအနက်မှ ဥစ္စာဓနအဆင့် ၃ နှင့် ၄ ၏ ၃၀ % ကို စစ်တမ်းကောက်ယူရာ ဝမ်းစာဖူလုံမှုအနေဖြင့် ၆ လထိ ဝမ်းစာဖူလုံကြပြီး ၆ လမှ ၁၂ လ အကြားတွင် ဇငွေချေးယူခြင်းနှင့် လုပ်အားခ ကြိုယူခြင်း ဖြင့် ဖြေရှင်းကြပါသည်။ လက်လုပ်လက်စားကျပန်း အလုပ်သမားများ ဖြစ်ပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၄	၄
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၀		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု	၁		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

ဖလ့လာတွေ့ရှိချက်။ ။ မိသားစု စောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို (၄) ဦးရှိပြီး လယ်မြေကော ပိုင်ဆိုင်မှု အနည်းငယ် ဖြင့် လုပ်ကိုင်စားသောက် နေထိုင်လျက်ရှိပါသည်။ ဆွေးမျိုးအချို့စီမှလည်း အထောက်အပံ့ ရရှိပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်□□□လတ်□□□□နိမ့်✔ မရှိ□
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေဖိုက်ပျိုးရေ)	မြင့်□□□လတ်□□□□နိမ့်✔ မရှိ□
၃	ရေကြီးခြင်း	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ ✔
၄	မိုးခေါင်ခြင်း	မြင့်□□□လတ် ✔နိမ့်□□□□ မရှိ□
၅	အအေးလွန်ကဲခြင်း	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□
၆	မုန်တိုင်း	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□
၇	ငလျင်	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□
၈	မီးဘေး	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□
၉	ဆားငန်ရေဝင်မြေ	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□
၁၀	မြေပြိုခြင်းမြေဆီလွှာပျက်ယွင်းမှု	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ✔
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ✔
၁၂	၄က်ဖျားရောဂါ	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ✔

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁၃	တိဘီရောဂါ	မြင့်□□□လတ်□□□□□နိမ့် ✔ မရှိ□
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်□□□လတ်□□□□□နိမ့်□□□□□မရှိ ✔
၁၅	ပြည်တွင်းပဋိပက္ခ	မြင့်□□□လတ်□□□□□နိမ့်□□□□□မရှိ ✔
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့်□□□လတ်□□□□□နိမ့် ✔ မရှိ□
၁၇	လူကုန်ကူးခြင်း	မြင့်□□□လတ်□□□□□နိမ့်□□□□□မရှိ ✔
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်□□□လတ်□□□□□နိမ့်□□□□□မရှိ ✔

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့် အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

ဖေလ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် အပူပိုင်းမိုးနည်းဒေသဖြစ်သောကြောင့် ရာသီဥတု မမှန်ခြင်း၊ မိုးခေါင်ခြင်းများဖြစ်ခြင်း၊ စိုက်ပျိုးရေ မလုံလောက်ခြင်းများ ဖြစ်ပါက သီးနှံထွက်နှုန်းကျ၍ တောင်သူငယ်များ စားဝတ်နေရေး အနည်းငယ် ထိခိုက်ပါသည်။ တိရစ္ဆာန် ကူးစက်ရောဂါ အနည်းငယ်ကျရောက်တတ်ပြီး ဆေးဝါးကုသမှု လက်လှမ်းမီသော်လည်း ဆုံးရှုံးမှု အနည်းငယ် ရှိပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့်□□□လတ်□□□□□နိမ့် ✔ မရှိ□
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်□□□လတ်□□□□□နိမ့် ✔ မရှိ□
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်□□□လတ်□□□□□နိမ့် ✔ မရှိ□
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသော ဒေသတွင်နေထိုင်သူ	မြင့်□□□လတ်□□□□□နိမ့်□□□မရှိ ✔
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်□□□လတ်□□□□□နိမ့်□□□မရှိ ✔

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၉	ငါးကန်ပိုင်ရှင်များ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ□
၁၁	လူနည်းစုလူမျိုးများ	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၁၄	ရွှေတွင်းလုပ်သားများ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၁၅	ဆေးစွဲသူများ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါ သနည်း။

လေ့လာတွေ့ရှိချက်။ ။ ဂိုက်ပျိုးရေးလုပ်ငန်းများ မဖြစ်ထွန်းလျှင် တောင်သူငယ်များ ဝင်ငွေ ထိခိုက်ပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဖြူစင်ဂရုဏာ လူမှုကူညီရေး ပရဟိတ အဖွဲ့.	၁ ☐ ၂ ☐ ၃ ✔	၁၁၅	၃၅	၁၅၀	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး ✔ ဘာသာရေး☐☐ စိုက်ပျိုးမွေးမြူရေး☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း✔ သင့်☐☐ ညံ့☐☐
၂	ဇာတိမာန် ဖွံ့ဖြိုးရေး ပရဟိတ အဖွဲ့.	၁ ☐ ၂ ✔ ၃ ☐	၂၇	၀	၂၇	ပညာရေး☐☐☐ငွေကြေး☐ ကျန်းမာရေး☐☐ဘာသာရေး☐☐ စိုက်ပျိုးမွေးမြူရေး☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး✔ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ✔ သင့်☐☐ ညံ့☐☐
၃	နီဗွာန်လမ်း နာရေးကူညီမှု ပရဟိတ အဖွဲ့.	၁ ☐ ၂ ✔ ၃ ☐	၁၂	၇	၁၉	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐ဘာသာရေး☐☐ စိုက်ပျိုးမွေးမြူရေး☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ✔ သင့်☐☐ ညံ့☐☐
၄	နဂါးနီသက် ကြီးရွယ်အိုများ စောင့်ရှောက်မှု ပရဟိတ အဖွဲ့.	၁ ☐ ၂ ✔ ၃ ☐	၃၀	၀	၃၀	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐ဘာသာရေး☐☐ စိုက်ပျိုးမွေးမြူရေး☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ✔ သင့်☐☐ ညံ့☐☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
			ကျား	မ	ပေါင်း		
၅	ခေါတ်သစ်အင်အားနာရေးကူညီမှုပရဟိတအဖွဲ့	၁ ☐ ၂ ✔ ၃ ☐	၉	၂၃	၃၂	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐ဘာသာရေး☐☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း သင့် ✔ ညံ့☐☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ေလ့လာတွေ့ရှိချက်။ ။ သပြေဝကျေးရွာတွင် ကျေးရွာတွင်း အခြေပြုအဖွဲ့ ၅ဖွဲ့ ရှိပါသည်။ အဖွဲ့ (၅) ဖွဲ့လုံး စည်းလုံးပြီး လုပ်ငန်းဆောင်ရွက်မှု ကောင်းပါသည်။ ကျေးရွာ၏ သာရေး နာရေး သာမက သက်ကြီးရွယ်အိုများအား ငွေကြေးကန်တော့ခြင်း၊ ဆယ်တန်းအောင် ကျောင်းသားများအား ငွေကြေး ဆုချီးမြှင့်ခြင်းနှင့် ကျန်းမာရေးကဏ္ဍ အတွက်လည်း ကူညီစောင့်ရှောက် ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ ☐☐၂ ☐☐၃ ☐☐၄ ☐၅ ☐☐၆ ☐☐၇ ☐	ပညာရေး☐☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ဘာသာရေး ☐☐ စိုက်ပျိုးမွေးမြူရေး ☐☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁ ☐☐၂ ☐☐၃ ☐☐၄ ☐၅ ☐☐၆ ☐☐၇ ☐	ပညာရေး☐☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ဘာသာရေး ☐☐ စိုက်ပျိုးမွေးမြူရေး ☐☐

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁ □၂ □□၃ □□၄ □၅ □□၆ □□၇ □	ပညာရေး□□□□ငွေကြေး□□ ကျန်းမာရေး□□□ဘာသာရေး □□ စိုက်ပျိုးမွေးမြူရေး □□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ -Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမ ဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဖြေလွှာတွင် ကည့်သွင်းဖော်ပြခြင်း မပြုပါရန်။

ဖြေလွှာကွက်ရိုချက်။ ။ ကျေးရွာတွင် ပြင်ပ အဖွဲ့အစည်းမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်သုပ်ရေး

(၁) စိုက်ပျိုးမြေဂိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၀၀	မြေမဲ့ယာမဲ့
၂	၂.၅ကေအောက်	၁၀၀	ဆင်းရဲသားတောင်သူ
၃	၂.၅ကေမှ၅ကေကြား	၅၀	တောင်သူငယ်
၄	၅ကေမှ၁၂.၅ကေကြား	၃၀	တောင်သူလတ်
၅	၁၂.၅ကေအထက်	၂၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၄၀၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

ေလ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တောင်သူကြီး ၅.၀%၊ တောင်သူလတ် ၇.၅%၊ တောင်သူငယ် ၁၂.၅%၊ ဆင်းရဲသား တောင်သူ ၂၅.၀%၊ မြေယာမဲ့ ၅၀.၀% ရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ✔ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ✔ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ✔ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ✔ မဖြေဆိုပါ☐
၅	အဝီစိတွင်း	၂၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ✔ မဖြေဆိုပါ ☐	ရှိ ✔ မရှိ မဖြေဆိုပါ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၆	လက်ငင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ ✔ မဖြေဆိုပါ□
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ ✔ မဖြေဆိုပါ□
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ ✔ မဖြေဆိုပါ□

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဝိစိတွင်းများသာရှိပြီး ရာသီအလိုက်ရေလုံလောက်မှုရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၁၀၀၀	တင်း	၁၀	၅၀	၂၀	ဩဂုတ်	အောက်တိုဘာ	မြင့်□□□□လတ်□ နိမ့် ✔	မြင့်□□□လတ်□□ နိမ့်□□
နှမ်း	၃၀	တင်း	၂	၅	၃	ဇွန်	ဇူလိုင်	မြင့်□□□□လတ်□ □□□နိမ့် ✔	မြင့်□□□လတ်□□ နိမ့်□□
ကြက်သွန်	၅၀	ပိဿာ	၁၀၀၀	၃၀၀၀	၂၀၀၀	နိုဝင်ဘာ	ဇန်နဝါရီ	မြင့်□□□□လတ်□ □ နိမ့် ✔	မြင့်□□□လတ်□□ နိမ့်□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါး၊ နှမ်း၊ ကြက်သွန် တို့ကို စိုက်ပျိုးကြပါသည်။ မိုးနည်းဒေသ ဖြစ်သောကြောင့် မိုးရာသီကို အားပြု စိုက်ပျိုးကြပါသည်။ ရာသီဥတုမမှန်လျှင် သီးနှံထွက်နှုန်း ကျ၍ အမြတ်ရရှိမှု နည်းပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၀	၀	၀	၀
လက်တွန်းထွန်စက်	၆	၀	၀	၂၀၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြေလှေ့စက်	၁	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၄	၀	၀	၃၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၇၇	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် ၆ ခု၊ ရေစုပ်စက် (၄) ခု ရှိပါသည်။ လက်တွန်း ထွန်စက်ကို တောင်သူ (၂၀၀) ဦးခန့်မှ ငှားရမ်းသုံးစွဲကြပါသည်။ ရေစုပ်စက်ကို တောင်သူ(၃၀)ခန့်မှ ငှားရမ်း သုံးစွဲကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□□ကောင်း□□သင့်တင့်မျှတ ✔ မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□□ကောင်း□□သင့်တင့်မျှတ ✔ မဖြေဆိုပါ□

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ□□□□အသင့်အတင့်ရှိ ✔ မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□□□□ရသည် ✔ မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□□□□ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် ✔ မဖြေဆိုပါ□
သဘာဝဗေဒဆွေး / အော်ဂဲနစ်မြေဩဇာ နှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□□□□ဝယ်ယူရနိုင်သည် ✔ မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□□□□ဝယ်ယူရနိုင်သည် ✔ မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်□□□□ရနိုင်သည် ✔ မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်□□□□ရနိုင်သည် ✔ မဖြေဆိုပါ□
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ သီးနှံများကိုရောင်းချနိုင်သည် ✔ မဖြေဆိုပါ□

ရှင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။
လေ့လာတွေ့ရှိချက်။ ။ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်း အချို့ရှိပါသည်။
ရာသီဥတုမမှန်သော်လည်း အသင့်အတင့်ကောင်းမွန်ပါသည်။ လယ်ယာမြေများ အားလုံး အသုံးချစိုက်ပျိုးနိုင်ပါသည်။
လယ်ယာမြေ ပိုင်ဆိုင်မှု ရှိသူများ စိုက်/ ဘဏ် မှ ချေးငွေ ရရှိပါသည်။ သီးနှံမျိုးစေ့များအား မိရိုးဖလာအတိုင်း ရယူကြ
ပါသည်။ မျိုးကောင်းမျိုးသန့်ဟူ၍ သီးသန့် ဝယ်ယူစိုက်ပျိုးခြင်းမရှိပါ။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
